
# အမျိုးသမီးများဆိုင်ရာ အချက်အလက်

## ၂၀၂၃ ခုနှစ် ဇူလိုင် လ

၂၀၂၃ ခုနှစ် ဇူလိုင်လအတွင်း ဖမ်းဆီး ထိန်းသိမ်းခံရသည့် အမျိုးသမီး အရေအတွက် တိုးလာလျှက်ရှိသကဲ့သို့ သေဆုံးသူ အမျိုးသမီး အရေအတွက်သည်လည်း တဟုန်ထိုး မြင့်တက်လာလျှက်ရှိသည်။ အကြမ်းဖက်စစ်တပ် အာဏာသိမ်းရန်ကြိုးပမ်းခြင်းကာလဖြစ်သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက် နေ့မှ စ၍ ၂၀၂၃ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့ထိ အကြမ်းဖက်စစ်တပ်၏ မတရားဖမ်းဆီး ထိန်းသိမ်းခံနေဆဲ ဖြစ်သည့် အမျိုးသမီး စုစုပေါင်း **(၃၆၄၇) ဦး** ထိ ရှိခဲ့သည်။ ထိုသို့ ဖမ်းဆီး ထိန်းသိမ်းခံထားရသည့် အမျိုးသမီး **(၈၃၅) ဦး** သည် မတရားပြစ်ဒဏ်ချမှတ်ခြင်းကို ခံနေကြရသည်။ ၂၀၂၃ ခုနှစ် ဇူလိုင်လ အတွင်းတွင် အကြမ်းဖက်စစ်တပ်၏ တဖက်သတ်အမိန့်ချ၍ ထောင်ဒဏ်ချခံရသည့် အမျိုးသမီး **(၂၂) ဦး**ထိ ရှိခဲ့သည်။









၂၀၂၃ ခုနှစ် ဇူလိုင်လ အတွင်း ဖမ်းဆီးခံရသူ အများစုသည် မည်သည့် စွပ်စွဲချက်ဖြင့် ဖမ်းဆီးသည်ကို အတည်ပြုနိုင်ခြင်း မရှိသည်ကို တွေ့ရှိရသည်။ အချို့အမျိုးသမီးများသည် အကြမ်းဖက်စစ်တပ် လက်အောက်ခံ စစ်သားများ နှင့် ရဲများအား ဘက်ပြောင်းရန် ပိုစ့်ရေးသားခြင်းများကြောင့် ဖမ်းဆီးခံရခြင်းများ ရှိသကဲ့သို့ အချို့မှာ တော်လှန်ရေးတပ်ဖွဲ့ဝင်များနှင့် ဆက်နွယ်မှုရှိသည်ဟု ဆိုသည့် စွပ်စွဲချက်များဖြင့် ဖမ်းဆီးခံရခြင်း ဖြစ်သည်။ ထို့အပြင် အချို့သော အမျိုးသမီးများသည် အကြမ်းဖက်စစ်တပ်၏ ရုံးများအနီး ပေါက်ကွဲသည့် ဗုံးများနှင့် ဆက်စပ်သည်ဆိုသော စွပ်စွဲချက်ဖြင့် ဖမ်းဆီးခံရသည်ကို တွေ့ရှိရသည်။

ဇူလိုင်လ ၁ ရက်နေ့မှ ၂၇ ရက်နေ့ အတွင်း အကြမ်းဖက်စစ်တပ်၏ ဖမ်းဆီးထိန်းသိမ်းခြင်း ခံရသည့် အမျိုးသမီး စုစုပေါင်း **(၁၉) ဦး** ထိရှိခဲ့သည်။ ထိုသို့ ဖမ်းဆီးခံထားရသည့် အမျိုးသမီးများသည် ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း နှင့် မွန်ပြည်နယ် တို့မှဖြစ်သည်။ ဖမ်းဆီးခံရသူများတွင် ပဲခူးတိုင်း မှ **(၅) ဦး** ဖြင့် အများဆုံးဖြစ်၍ **(၃) ဦးစီ** ဖြင့် စစ်ကိုင်းတိုင်း နှင့် တနင်္သာရီတိုင်းတို့ မှ ဒုတိယ အများဆုံးဖြစ်သည်။

ထို့အပြင် အကြမ်းဖက်စစ်တပ်၏ အာဏာသိမ်းရန် ကြိုးပမ်းမှု ကာလအတွင်း အမျိုးသမီးစုစုပေါင်း **(၃၉၀) ဦး** အသက်ဆုံးရှုံးခဲ့ကြရသည်။ ၂၀၂၃ ခုနှစ် ဇူလိုင်လ (၁)ရက်နေ့ မှ (၂၇) ရက်နေ့အတွင်းတွင် အမျိုးသမီး **(၂၁) ဦး** ထိ သေဆုံးခဲ့ရသည်။ ထိုကဲ့သို့ အသက်ဆုံးရှုံးရသည့် အမျိုးသမီး **(၁၁) ဦး** သည် အကြမ်းဖက်စစ်တပ်မှ အရပ်သားပြည်သူများ နေအိမ်များသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းကြောင့် လက်နက်ကြီးထိမှန်၍ သေဆုံးခဲ့ရခြင်းဖြစ်သည်။ အမျိုးသမီး **(၆) ဦး** သည် အကြမ်းဖက်စစ်တပ် တပ်ဖွဲ့ဝင်များ၏ ပစ်သတ်ခြင်းကြောင့် အသက်ဆုံးရှုံးခဲ့ရသည်။ ကျန် **(၃)** ဦးသည် အကြမ်းဖက်စစ်တပ်၏ ဝေဟင်မှ ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ဖြစ်၍ **(၁) ဦး** သည် အကြမ်းဖက်စစ်တပ် တပ်ဖွဲ့ဝင်များ အရပ်သားပြည်သူများနေထိုင်ရာ ကျေးရွာများသို့ ဝင်ရောက်၍ အရှင်လတ်လတ်မီးရှို့သတ်ဖြတ်ခံရခြင်း ဖြစ်သည်။




ယခုအစီရင်ခံစာသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) ၏ အချက်အလက်များကို အဓိက မှီငြမ်းကိုးကားထားသည့်အပြင် ခိုင်လုံသော သတင်းမီဒီယာများမှ ထုတ်ဖော်ရေးသားသည့် သတင်း အချက်အလက်များအပေါ် အခြေခံ၍ မြန်မာ့အမျိုးသမီးသမဂ္ဂ မှ ပြန်လည် စုစည်းတင်ပြထားခြင်း ဖြစ်ပါသည်။ လက်တွေ့မြေပြင် အခြေအနေတွင် သတင်းအချက်အလက် စီးဆင်းမှုများ၌ စိန်ခေါ်မှုများ ရှိသောကြောင့် မိမိတို့အနေဖြင့် လက်လှမ်းမီရန် အခက်အခဲများ ရှိသဖြင့် ကိန်းဂဏန်းများသည် ယခုထက်ပို၍ များနိုင်ပါသည်။